# ကောင်းကင်ဘုံတွင် စတင်ခဲ့သော အချစ်

## (love that began in Heaven)



ဂျာမန်အတွေးအခေါ်ပညာရှင်လည်းဖြစ်၊ စာပေထူးချွန်သူလည်းဖြစ်သူ မိုးဇက် မယ်ဒဲ(လ)ဆင် (၁၇၂၉–၁၇၈၆)သည် ကျောကုန်းတွင် ဘုကြီးဖြင့် မွေးဖွားလာခဲ့ရသည်။ မိမိဘဝတစ်လျှောက်လုံး နာကြည်းခါးသီးစရာ ဖြစ်စေမည့် ဤခန္ဓာကိုယ်ပုံသဏ္ဌာန်ချွတ်ယွင်းမှု ရှိနေသော်ငြားလည်း မယ်ဒဲ(လ)ဆင်အနေနှင့် ရင့်ကျက်မှုနှင့် ဉာဏ်အမြော်အမြင် ကြွယ်ဝမှုကို ရယူနိုင်ခဲ့သည်။

ဟမ်းဘတ်မြို့သို့ လူငယ်တစ်ဦးအနေဖြင့် ခရီးသွားရင်း ရောက်ခဲ့စဉ် 'ဖရန့်ဂျီ' အမည်ရှိ အလွန်လှပသော သမီးငယ်တစ်ဦးကို ပိုင်ဆိုင်သည့် ချမ်းသာကြွယ်ဝသည့် ကုန်သည်တစ်ဦးနှင့် ဆုံခဲ့ရသည်တွင် မယ်ဒဲ(လ)ဆင်သည် ထိုကုန်သည်ကြီး၏သမီးကို အရူးအမူး စွဲလမ်းချစ်ခင်မိလေတော့သည်။ သူမသည်လည်း မိမိအသက်အရွယ်တွင်ရှိသည့် ရင့်ကျင်မှုထက် များစွာသာလွန်သော ရင့်ကျက်မှုမျိုး ရှိသည့်အလျောက် မယ်ဒဲ(လ)ဆင်၏ ပေါ်လွင်သော ကိုယ်ပုံသဏ္ဌာန် ချွတ်ယွင်းမှုကို ကျော်လွန်ပြီးနောက် ကွယ်၌ရှိသော သူ၏ နှူးညံ့သိမ်မွေ့မှု၊သာယာကြည်နူးမှုကို ပေးဆောင်နိုင်စွမ်း၊ သူ၏ ထူးချွန်ထက်မြက်သော စိတ်ကူးစိတ်သန်းများပေါ် စွဲလန်းနှစ်သက်နေခဲ့သည်။

ဟမ်းဘတ်မြို့တွင် ရက်သတ္တပတ်များစွာ နေခဲ့ရသည်တွင် သူ၏ အချိန်အတော်များများက သူမြင်မြင်ခြင်း ချစ်မိခဲ့ရသော ဤချစ်ခင်နှစ်သက်ဖွယ်ရာ အမျိုးသမီးလေးနှင့်သာ ကုန်ဆုံးခဲ့ရသည်။ ထို့ကြောင့်လည်း သူထွက်ခွါရတော့မည့်အချိန်ရောက်လာသောအခါ သူမ၏အဖေနှင့် အရဲစွန့်ပြီး စကားပြောရလေတော့သည်။ အခြေအနေက ထိုကဲ့သို့လုပ်လျှင်လုပ်၊ မလုပ်လျှင် ထိုအမျိုးသမီးကို ထာဝရလက်လွှတ်ဆုံးရှုံးရတော့မည့် အနေအထားပင်ဖြစ်သည်။

ကြွယ်ဝချမ်းသာသလောက် ဩဇာအာဏာကြီးမားလှသော ကုန်သည်ကြီးက အချိန်အတော်ကြာ တွေဝေ၍ နေခဲ့စဉ် နောက်ဆုံးတွင် မယ်ဒဲ(လ)ဆင်က သူ့အား စိတ်ထဲတွင်ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်းပြောဆိုရန် တောင်းဆိုရတော့သည်။ "အင်း . . . မင်းကို ဂျာမဏီနိုင်ငံတစ်ခုလုံးမှာ အထူးချွန် အထက်မြက်ဆုံးလူငယ်တစ်ဦးအနေ နဲ့ သိထားကြတယ်။ ဒါပေမဲ့ ပြောစရာတစ်ခုရှိနေတာက၊ ငါ့သမီးလေး မင်းကို စတွေ့တွေ့ခြင်း နည်းနည်းကြောက်သွားခဲ့တာကိုဘဲ။"

"ကျွန်တော်က ခါးကုန်းကြီး ဖြစ်နေလို့လား?"

စိတ်မကောင်းစွာဖြင့် ကုန်သည်ကြီးက ခေါင်းညိတ်ပြခဲ့သည်။
စိတ်ညှိုးငယ် သွားခဲ့ရသော်လည်း ရှုံးနိမ့်မှုအဖြစ် မခံယူဘဲ မယ်ဒ(လ)ဆင်က နောက်ဆုံးအခွင့်အရေးတစ်ခုကို တောင်းခံခဲ့သည်။ သူမထွက်ခွါမီ သူမအား နောက်ထပ် တစ်ကြိမ် တွေ့ခွင့်ကို အခွင့်အရေးတစ်ရပ်အနေဖြင့်ပေးရန်ဖြစ်သည်။ သူမရှိရာ အခန်းထဲသို့ ဝင်ခွင့်ရသောကြောင့် ဇာထိုးပန်းထိုးရင်း အလုပ်ရှုပ်နေသည့်သူမကို မယ်ဒဲ(လ)ဆင် တွေ့ခဲ့ရသည်။ ပထမတော့ အကြောင်းအရာ အမျိုးမျိုးကို ပြောဆိုနေခဲ့ကြပြီးနောက် သူက သတိထားကာ တဖြေးဖြေးနှင့် သူ့နှလုံးသားနှင့် အနီးကပ်ဆုံးဖြစ်သော အကြောင်းအရာဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ သူက "လက်ထပ်ထိမ်းမြားတဲ့အမှုတွေကို ကောင်းကင်ဘုံမှာ ပြုလုပ်တယ်ဆိုတာကို မင်းယုံလား?" ဟု မေးခဲ့သည်။

"ဟုတ်ပါတယ်. . . အဲဒါက ကျွန်မတို့ ယုံကြည်သက်ဝင်မှုဖြစ်လို့ဘဲ"ဟု သူမကဖြေခဲ့သည်။

သူက နှူးညံ့သိမ်မွေ့စွာဖြင့် "အဲဒါအမှန်ဘဲ။ ငါ့ကို မွေးဖွားခဲ့တဲ့အချိန်မှာ ဖြစ်ပျက်ခဲ့တဲ့ ထူးထူးဆန်းဆန်းအကြောင်းအရာတစ်ခုကို ငါပြောပြမယ်။ မင်းသိတဲ့အတိုင်းဘဲလေ၊ . .ငါတို့ ခလေ့ထုံးစံအရ ကလေးငယ်တစ်ယောက်ကို မွေးဖွားလာခဲ့ ပြီဆိုရင် သူတို့က ဖွားမြင်ပြီဖြစ်တဲ့အကြောင်း ကောင်းကင်ဘုံရှိရာကို အော်ပြောခဲ့ရတယ်။ နောက်ပြီး ယောကျ်ားလေးဖြစ်ရင် သူတို့ကယောကျ်ားလေးဘယ်သူဘယ်ဝါက မိန်းကလေး ဒါမှမဟုတ် ဟိုမိန်းကလေးကို ဇနီးအဖြစ် ယူလိမ့်မယ်လို့ ကြေငြာရတယ်။"

"အဲဒီတော့ ငါ့ကိုမွေးအပြီး အနာဂတ်မှာ ငါ့ဇနီးဖြစ်လာမဲ့သူရဲ့ နာမည်ကို ကြားလိုက်ရတယ်။ တချိန်ထဲမှာဘဲ အင်မတန် ကြီးမြတ်ပြီး ဝေးလံလှတဲ့ အရပ်ကလာတဲ့ အသံက ' ကံအကြောင်းမလှတဲ့ သနားစရာ မိန်းခလေး 'ဖရန်းဂျီ' ကတော့ အင်မတန် ကြောက်စရာကောင်းတဲ့ဘုကြီးတစ်လုံး သူမကျောပေါ်မှာ ရှိနေလိမ့်မယ်"လို့ ပြောသံ ကို ငါကြားခဲ့ရတယ်"။

"ချက်ခြင်းဆိုသလို ငါက အော်ပြီးတော့ 'အို. . .သခင်ဘုရား၊ မိန်းကလေးတစ်ဦးဟာ ကျောကုန်းပေါ်မှာ ဘုကြီးနဲ့ ခါးကုန်းကြီးဖြစ်နေရင် သူမအနေနဲ့ ခက်ခဲနာကျည်းမှုနဲ့ ကြီးပြင်းလာရမှာဖြစ်တယ်။ ဒီတော့ အဲဒီဘုကြီးကို ကျွန်တော့်ကိုသာ ပေးလိုက်ပါ။ သူ့ကိုတော့ သာယာကြည်နူးမှုကို ပေးနိုင်ပြီး ခန္ဓာကိုယ် အချိုးအစား ကျနစွာနဲ့ အင်မတန် လှပချစ်စရာကောင်းတဲ့ အမျိုးသမီးငယ်တစ်ဦးအနေနဲ့သာ ကြီးပြင်းလာပါစေ"

မယ်ဒဲ(လ)ဆင်က သူမ၏ တုံ့ပြန်မှုကို စောင့်ဆိုင်းလျက် ရှိနေခဲ့သည်။ 'ဖရန်းဂျီ' ကမော့်ပြီးကြည့်လာခဲ့သည်။ ထိုးလက်စ၊ ချုပ်လက်စ အရာအားလုံးကို ချလိုက်ပြီး နေရာမှ ထလိုက်ခါ လက်များကို ဆန့်တန်းလျက် သူရှိရာသို့ ချဉ်းကပ်လာခဲ့သည်။

ကုန်သည်ကြီးက သူ၏ သဘောတူ ခွင့်ပြုချက်ကို ပေးလိုက်ပြီးနောက် မကြာမီ သူတို့ လက်ထပ်ခဲ့ရာ အတူတကွ အသီးအပွင့်ဖြစ်ထွန်းပြီး ရှည်လျားသော ဘဝအသက်တာကို ရှင်သန်သွားခဲ့ကြသည်။

အပိုင်းအစအနလေးများ

ချစ်ခြင်းမေတ္တာဆိုသည်က စွန့်လွှတ်မှုဖြစ်သကဲ့သို့ ပျော်ရွှင်ကျေနပ်မှု၊ သာယာနှစ်သက်မှုလည်း ဖြစ်သည်။ စစ်မှန်ပြီး တာရှည်ခံရန်အတွက် ချစ်ခြင်းမေတ္တာသည် အသွေးအသားအလိုနောက်သို့လိုက်ခြင်းသက်သက်သာမဟုတ်ဘဲ ပို၍ရေရှည်တည်မြဲသော အခြေခံ အုတ်မြစ်ပေါ်၌သာ တည်ဆောက်ရမည်။ ၎င်းသည် အခြားသူများကို ပျော်ရွှင်အောင်ပြုရန်နှင့်ကာကွယ်ရန်၊ ကူညီရန်အတွက် တကိုယ်ကောင်းမဆန်သည့် မွေးရာပါ ဆန္ဒကို ထင်ဟပ်ဖော်ပြရမည်။ မိမိတို့၏ ကိုယ်ပိုင်ပျော်ရွှင်မှုထက် တစ်ပါးသူတို့၏ ပျော်ရွှင်မှုကို နှစ်ခြိုက်သည့် ကိုယ်ကျိုးစွန့် အနစ်နာခံသည့်စိတ်ဓါတ်နှင့် ဘုရားသခင်ကပေးသည့် ချစ်ခြင်းမေတ္တာတို့ကို ထင်ဟပ်ဖော်ပြရမည်။ ဤချစ်ခြင်းမေတ္တာသာလျှင် ကြာရှည်ခံသည်။

ဤအရာသည် ချစ်ခြင်းမေတ္တာ၊ စစ်မှန်၊ မှန်ကန်သောမေတ္တာ – မိမိဇနီးသည်အတွက် မိမိကိုယ်ကျိုးကိုစွန့်၊ အနစ်နာခံရန်အတွက် ခင်ပွန်းသည်တစ်ဦး၏ စိတ်ပါလက်ပါရှိမှု၊ မိမိခင်ပွန်းသည်အတွက် မိမိအသက်ကို ပေးရန်အတွက် ဇနီးသည်တစ်ဦး၏ စိတ်အားထက်သန်မှု။ ဤသည်က သဘာဝလွန်ချစ်ခြင်းမေတ္တာ၊ ဘုရားသခင်နှင့်ဆိုင်သောမေတ္တာ၊ ဘုရားရှင်၏မေတ္တာဖြစ်၍ လူထက်သာလွန်ပေသည်။ ဒေးဗစ်ဘရန့်ဘာ့(ဂ)